(Lot-4) အမှတ်စဉ်(    )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

အဆင့်မြင့်ပညာဦးစီးဌာန

ကွန်ပျူတာတက္ကသိုလ်(မကွေး)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ လ (    )ရက်

## အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ

သို့

ဥက္ကဋ္ဌ

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ကွန်ပျူတာတက္ကသိုလ်(မကွေး)

အကြောင်းအရာ။ **မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည့် Machinery Equipment အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာ ပေးပို့တင်သွင်းခြင်း**

ပညာရေးဝန်ကြီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(မကွေး)တွင် အသုံးပြုရန်အတွက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည့် Machinery Equipment (Portable Projector, Wall Screen) အတွက် အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာနှင့်အတူ အိတ်ဖွင့်ဈေးနှုန်းလွှာကို ပူးတွဲပါစာရင်းအတိုင်း နမူနာပစ္စည်း (    )မျိုး၊ ပုံပြစာရွက်စာတမ်း (    ) မျိုးတို့နှင့်အတူ ပူးတွဲတင်သွင်းအပ်ပါသည်။

(လက်မှတ်)

တင်ဒါအဆိုပြုလွှာတင်သွင်းသူအမည် ----------------------------

နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------------------------

ကုမ္ပဏီ/လုပ်ငန်းအမည်/မှတ်ပုံတင်အမှတ် ----------------------------

(မိတ္တူကိုပူးတွဲတင်ပြရန်)

ကုမ္ပဏီ/လုပ်ငန်းအဖွဲ့အစည်း၏လိပ်စာ ----------------------------

ကုမ္ပဏီတယ်လီဖုန်းအမှတ်/ ----------------------------

လက်ကိုင်ဖုန်းအမှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်(မကွေး)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ လ ( )ရက်

**အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများ လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ**

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မြန်မာကျပ်ငွေဖြင့် ကွန်ပျူတာတက္ကသိုလ်(မကွေး)တွင် အသုံးပြုရန် ပစ္စည်းများကို မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မှာယူသည့်နေရာသို့ အရောက်ပို့စနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများအနေဖြင့် အောက်ဖော်ပြပါ အိတ်ဖွင့်တင်ဒါ တင်သွင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များကို မပျက်မကွက်လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်-

၁။ **အိတ်ဖွင့်တင်ဒါတင်သွင်းသည့်ကုမ္ပဏီသည်** တရားဝင်မှတ်ပုံတင်ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံသားပိုင်အမည်ပျက်စာရင်းတွင် မပါဝင်သည့် ကုမ္ပဏီအဖွဲ့အစည်း ဖြစ်ရမည်။ ပူးတွဲတင်ပြထားသည့် **ကုမ္ပဏီ၏** တရားဝင်မှတ်ပုံတင်မိတ္တူသည် သက်တမ်းပြတ်နေပါက အဆိုပါကုမ္ပဏီကို **အိတ်ဖွင့်တင်ဒါရွေးချယ်ရေးအဖွဲ့**မှ လက်ခံစဉ်းစားမည် မဟုတ်သည်ကို ကြိုတင်သိရှိပြီးဖြစ်ရမည်။

၂။ **အိတ်ဖွင့်တင်ဒါတင်သွင်းသူများအနေဖြင့်**

(က) ပူးတွဲဖော်ပြပါပစ္စည်းအုပ်စုအလိုက် ယှဉ်တွဲပါသတ်မှတ်ထားသည့် တင်ဒါအာမခံ စပေါ်ငွေများကို မြန်မာနိုင်ငံဗဟိုဘဏ်မှအသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုသို့ ပေးသွင်း၍ ဘဏ်သို့ပေးသွင်းထားသည့် တင်ဒါအာမခံစပေါ်ငွေ (Cheque) လက်မှတ်ကို ကွန်ပျူတာတက္ကသိုလ်(မကွေး)၊ ဘဏ္ဍာဌာနတွင်အပ်နှံပြီး၊ အဆိုပါအပ်နှံသည့် ပြေစာမိတ္တူ ပူးတွဲလျက် အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာကို တင်သွင်းရမည်။ **အိတ်ဖွင့်တင်ဒါရွေးချယ်ခြင်း မခံရသောလုပ်ငန်းအတွက်** တင်ဒါအာမခံကြေးကို (၇)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ကွန်ပျူတာတက္ကသိုလ်(မကွေး)၊ ဘဏ္ဍာဌာနတွင် ပြန်လည်ထုတ်ယူနိုင်သည်။

(ခ) အိတ်ဖွင့်တင်ဒါအောင်မြင်သူများသည် ကွန်ပျူတာတက္ကသိုလ်(မကွေး)မှ ပေးပို့မည့် Firm Order ပါ တင်ဒါအောင်မြင်သည့် ဝယ်ယူမည့် စုစုပေါင်း ပစ္စည်းဖိုး၏ ၁၀%နှင့်ညီမျှသောငွေကို Firm Order ပါ စာချုပ်ချုပ်ဆိုရန် သတ်မှတ်သည့်ရက်တွင် မပျက်မကွက်ပေးသွင်းပြီး၊ လက်ခံပြေစာပူးတွဲ၍ လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆိုရမည်။

၃။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ နောက်ဆုံးထားတင်ပြရန် သတ်မှတ်ထားသည့် (၂၈.၁၂.၂၀၂၀ ) ရက်နေ့၊ နေ့လည်(၃:၀၀)နာရီထက် နောက်ကျပြီး တင်သွင်းလာသည့် လျှောက်လွှာများကို **အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့မှ** လုံးဝ(လုံးဝ)လက်ခံစဉ်းစားပေးမည် မဟုတ်သည်ကို သိရှိပြီးဖြစ်ရမည်။

၄။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများကို လူကြုံဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့ခြင်းကို **အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့မှ** လက်ခံစဉ်းစားမည် မဟုတ်သည်ကို သိရှိပြီးဖြစ်ရမည်။

၅။ ကွန်ပျူတာတက္ကသိုလ်(မကွေး)မှ သတ်မှတ်ထားသည့် အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ ပုံစံဖြင့်သာ အဆိုပြုရပါမည်။ အခြားပုံစံဖြင့် တင်သွင်းမှုကို **အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့မှ** လက်ခံစဉ်းစားမည် မဟုတ်သည်ကို သိရှိပြီးဖြစ်ရမည်။ **အိတ်ဖွင့်တင်ဒါတင်သွင်းသူများအနေဖြင့်** အိတ်ဖွင့်အဆိုပြုလွှာပုံစံနှင့်ပူးတွဲထားသည့် အိတ်ဖွင့်ဈေးနှုန်းလွှာဇယားပုံစံ၏ စာတိုင်တိုင်းကို ပြည့်စုံစွာဖြည့်သွင်းပြီး၊ စာလုံးများကို ထင်ရှားပြတ်သားပီသစွာ ဖော်ပြပေးရမည်။

၆။ သတ်မှတ်ထားသည့် အိတ်ဖွင့်တင်ဒါအဆိုပြုလွှာပုံစံနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများကို မဖြစ်မနေ ပူးတွဲတင်ပြရမည်-

(က) **ကွန်ပျူတာတက္ကသိုလ်(မကွေး)မှ ပေးထားသော Soft Copy တွင် ပါရှိသည့် ပုံစံတွင် မှန်ကန်စွာရေးသွင်း၍ Computer နှင့် ပြုစုထားသော Soft Copy (စီဒီတစ်ချပ်)နှင့်အတူ ပစ္စည်းတစ်ခုချင်းစီ၏ Specification နှင့် Unit Price ဖော်ပြထားသော Hard Copy**

(ခ) **ပြည့်စုံစွာဖြည့်သွင်းထားသည့် အိတ်ဖွင့်ဈေးနှုန်းလွှာဇယား (ပစ္စည်းများ ပေးသွင်းမည့်ကာလ (Delivery Period)ကို တိကျစွာဖော်ပြရန်နှင့် ပစ္စည်းမျိုးတူ အုပ်စုလိုက်ခွဲ၍ ဈေးနှုန်းလွှာဇယား တစ်ရွက်စီခွဲ၍ တင်ပြရန်)**

(ဂ) **တင်သွင်းသည့် ပစ္စည်းတစ်ခုချင်းအတွက် ပုံပြစာရွက်စာတမ်းများနှင့်ဓါတ်ပုံများ (တင်သွင်းသည့်နံပါတ်စဉ်အလိုက် ပုံတွင် အမှတ်စဉ်တိကျစွာ ထည့်သွင်း ဖော်ပြရန်)**

(ဃ) **အလွယ်တကူ တိုက်ဆိုင်စစ်ဆေးနိုင်သည့် ပစ္စည်းများမှလွဲ၍ ကျန်ပစ္စည်းများ အတွက် နမူနာပစ္စည်းများ (နမူနာပေးပို့သည့် ပစ္စည်းများအား ဦးစားပေး ရွေးချယ်သွားမည် ဖြစ်ပါသည်)**

(င) **နမူနာ(Sample)ပစ္စည်းများအား တင်ဒါဖွင့်ဖောက်စစ်ဆေးရာတွင်တစ်ပါတည်း ယူဆောင်လာရမည်။**

(စ) တင်ဒါအာမခံကြေးငွေပေးသွင်းသည့်ပြေစာမိတ္တူ

(ဆ) ကုမ္ပဏီ/လုပ်ငန်းများ၏ Profile ၊ လုပ်ငန်းလိုင်စင်၊ Bank Statement အခွန်ကင်းရှင်းကြောင်းစာနှင့် လုပ်ငန်းနှင့်သက်ဆိုင်သောစာရွက်စာတမ်းများအား စာအိတ်(A)နှင့် ဈေးနှုန်းအဆိုပြုလွှာများအား စာအိတ်(B)တွင်ထည့်သွင်းရမည်။

(ဇ) ဈေးနှုန်းအဆိုပြုလွှာတွင် ကုန်သွယ်လုပ်ငန်းခွန် (၅%)ပါ ထည့်သွင်းတွက်ချက်ရမည်။